# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တာဝန်သိသော ခရီးသွားလုပ်ငန်း မူဝါဒ







Myanmar Tourism Board

MINISTRY OF HOTELS & TOURISM

Hanns Seidel Foundation

# Myanmar Responsible Tourism Policy



Authors: Mrs. Nicole Häusler, Mr. Achim Munz, Daw Kyi Kyi Aye, U Phyo Wai Yar Zar, Ms. Dörte Kasüske and Prof. Harold Goodwin.

Organisers: Ministry of Hotels and Tourism of Myanmar, Myanmar Tourism Federation and Hanns-Seidel-Foundation (Germany).

Special acknowledgments: Mr. Axel Neubert, Mr. Ludwig Westarp, Daw Khin Than Win, U Kyi Thein Ko, and all participants of the working sessions, workshops and concluding conference.

Photo Credits: Mr. Achim Munz, Mrs. Nicole Häusler, Mr. Martin H. Petrich, Mr. Todd Reid, Maruk Oo, Soe Htay and Tin Aung Tun.

Layout: Mr. Todd Reid.

Published 27th September 2012

Hanns Seidel Foundation in Myanmar
Unit 7, Ground Floor, Inya Lake Hotel,
No. 37, Kaba Aye Pagoda Road,
Mayangone Township, Yangon.,
Tel: + 95 1 667225,
Internet: www.hss.de/southeastasia



# မြန်မာနိုင်ငံတာဝန်သိသောခရီးသွားလုပ်ငန်းမူဝါဒ

## မာတိကာ


နောက်ခံသမိုင်း ........................................ ၂၇

တာဝန်သိခရီးသွားလုပ်ငန်း ........................................ ၂၈

ကတိကဝတ် ထုတ်ပြန်ချက်များ ........................................ ၂၉

ကျွန်ုပ်တို့၏အနာဂတ်မျှော်မှန်းချက် ........................................ ၃၀-၃၁

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များ ........................................ ၃၂

အရေးယူဆောင်ရွက်ရမည့်အချက်များ ........................................ ၃၃-၄၄

လုပ်ငန်းရှင်များပါဝင်ပတ်သက်မှု ........................................ ၄၆

စောင့်ကြည့်ခြင်း၊ အစီရင်ခံခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း ........................................ ၄၈

# မြန်မာနိုင်ငံ တာဝန်သိသောခရီးသွားလုပ်ငန်း မူဝါဒအတွက် အမှာစကား



ဦးဌေးအောင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကျွန်ုပ်တို့သည် ခရီးသွားလုပ်ငန်းဖြင့် မြန်မာနိုင်ငံအား နေထိုင်ရန် ပိုမိုကောင်းမွန်သော နေရာတစ်ခုဖြစ်စေရန်ရည်ရွယ်ပြီး အလုပ်အကိုင် ပိုမိုဖန်တီးရေး၊ ကောင်းမွန်၍ ကြီးမားသောစီးပွားရေးအခွင့်အလမ်းကောင်းများရရှိစေရေး၊ သဘာဝသယံဇာတများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကြွယ်ဝ၍ ကွဲပြားသောယဉ်ကျေးမှုကို မျှဝေခံစားစေရေးတို့အတွက် တာဝန်သိသောခရီးသွားလုပ်ငန်းအားဖြင့် ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယဉ်ကျေးမှု၊ နေထိုင်မှုဘဝပုံစံကိုသာယာကြည်နူးခံစားပြီး အလေးထားလည်ပတ်ကြသော ဧည့်သည်များကို နွေးထွေးစွာကြိုဆိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် (၂၀၁၁) ခုနှစ်၊ မတ်လမှစတင်၍ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများဖြစ်သော မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည်များဝင်ရောက်မှု လွယ်ကူချောမွေ့စေရေး၊ စနစ်ကျ၍အဆင်ပြေချောမွေ့သောသယ်ယူပို့ဆောင်မှုအတွက်ပံ့ပိုးရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များအရည်အသွေးနှင့်အဆင့်အတန်းမြင့်မားရေး၊ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ရေး စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာခြင်းသည်စီးပွားရေးလုပ်ငန်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်သကဲ့သို့ တစ်ဖက်၌လည်း နိုင်ငံအတွင်းခရီးသွားလုပ်ငန်းကဏ္ဍရေရှည်တည်တံ့အောင်မြင်မှုရရှိရေးအတွက် စိန်ခေါ်မှုများရှိနေသည်ကို အသိအမှတ်ပြုပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ပူးပေါင်းဆောင်ရွက်မှု၊ Hanns Seidel Foundation (Germany) ၏ ပံ့ပိုးကူညီမှုဖြင့် (၂၀၁၂) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်နေ့မှ (၂၃)ရက်နေ့ အတွင်း ပထမဆုံးအကြိမ်အဖြစ် တာဝန်သိသောခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နောက်ဆက်တွဲရလဒ်အဖြစ် တာဝန်သိသော ခရီးသွားလုပ်ငန်း နေပြည်တော်ကြေညာချက် ပေါ်ထွက်လာခဲ့ပါသည်။ ၎င်းကြေညာချက်သည် တာဝန်သိသော ခရီးသွားလုပ်ငန်း မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခြေလှမ်းများဖြစ်ပါသည်။ (၂၀၁၂)ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ(၅)ရက်နေ့ အထိကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲများတွင် ခရီးသွား လုပ်ငန်းနှင့်ဆက်စပ်သော ဝန်ကြီးဌာန (၂၂)ခုနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ သဘောတူညီမှုဖြင့် အမျိုးသားအဆင့်မူဝါဒအခြေခံမူများ ပြုစုနိုင်ခဲ့ခြင်းသည်မြန်မာနိုင်ငံ၏တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒမူကြမ်း ပုံဖော်နိုင်ရေးကို ဦးတည်သောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံကိန်း အခြေခံအုတ်မြစ်ကို အထောက်အပံ့ပေးနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့ဝန်ကြီးဌာနသည် Hanns Seidel Foundation (Germany) ၏ အကူအညီနှင့် Prof. Dr. Harold Goodwin ဦးဆောင်သော ပြည်တွင်းပြည်ပ ပညာရှင်အဖွဲ့၏ ကျွမ်းကျင်မှု အကူအညီများဖြင့် ရန်ကုန်၊ ပုဂံ၊ အင်းလေးကန်၊ ကျိုင်းတုံနှင့် ငွေဆောင်တို့တွင်ရှိသော အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် (၃၅၀)ဦးတို့နှင့် ပူးပေါင်း၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ပြီး ရန်ကုန်နှင့် နေပြည်တော်တို့တွင် အပြီးသတ် အလုပ်ရုံဆွေးနွေးပွဲနှင့် ကွန်ဖရင့်တို့ ပြုလုပ်နိုင်ခဲ့မှုအပေါ် ဝမ်းမြောက်စွာ အသိအမှတ်ပြုပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အဓိကပါဝင်သူများကို မြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်း မူကြမ်းအားတင်ပြပြီးနောက် ၎င်းမူကြမ်းမှ အဓိကအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချက်(၉)ချက်၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးညှိနှိုင်းပြီး (၂၀၁၂) ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် ကနဦးအတည်ပြုချက်ကို ရရှိခဲ့ပါသည်။ အဆိုပါဖော်ပြချက်များတွင် သင့်သည့် အစိုးရဌာနမှဖြစ်စေ၊ ပုဂ္ဂလိကမှဖြစ်စေ၊ အဖွဲ့အစည်းမှ ဖြစ်စေ(သို့) ဧည့်သည်ဖြစ်စေမည်သူမဆို ခရီးသွားလုပ်ငန်း၏ တာဝန်ဝတ္တရားများကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ တာဝန်သိခရီးသွားလုပ်ငန်း၏ရည်ရွယ်ချက်(၃)ခုမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် လူမှုရေးဆိုင်ရာတရားမျှတမှုရရှိစေရေးတို့အတွက် ခရီးသွားလုပ်ငန်းကိုအလေးထားဆောင်ရွက်ရန် လိုအပ်ပြီးခရီးစဉ်ဒေသများတွင် တာဝန်သိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများနှင့် ယဉ်ကျေးမှုအမွေအနှစ်များပြည့်ဝသောကြောင့် စိတ်ဝင်စားဖွယ် ကောင်းသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ယခုလတ်တလောကာလတွင် ခရီးသွားလုပ်ငန်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှု အတွေ့အကြုံအရ ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းရန် တာဝန်ရှိလာပါသည်။ မြန်မာနိုင်ငံကို ပိုမိုကောင်းမွန်သော နေထိုင်ရန်နေရာနှင့် လည်ပတ်စရာနေရာဖြစ်ရေးကို မျှော်မှန်းချက်အဖြစ်သတ်မှတ်ပြီး မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွား လုပ်ငန်းမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ရှင်သန်လျက်ရှိသော အထောက်အထားအဖြစ် မြန်မာ့ ခရီးသွားလုပ်ငန်းပင်မစီမံကိန်းပေါ်ထွက်လာရေးအတွက် အခြေခံအုတ်မြစ်တစ်ခုအဖြစ် အထောက်အပံ့ပြုစေမည် ဖြစ်ပါသည်။



ဦးဌေးအောင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
(၂၀၁၂)ခုနှစ်၊ ဇူလိုင်လ(၂၇)ရက်နေ့

# နောက်ခံသမိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည်ခရီးသွားလုပ်ငန်းလျှင် မြန်စွာဖွံ့ဖြိုးမှုကြောင့် ဖြစ်ပေါ်လာရသောလိုအပ်ချက်များကိုလတ်တလောရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လျှင်မြန်စွာဖွံ့ဖြိုးလာသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ပေါက်ဖြစ်ထွန်းလာနေပါသည်။ ၂၀၁၂ခုနှစ်၏ ပထမ(၆)လတာ ကာလအတွင်းနိုင်ငံတကာခရီးသွားဧည့်သည်များ ရောက်ရှိမှုမှာ ၂၀၁၁ခုနှစ်အလားတူကာလထက် ၃၀%ကျော် တိုးတက်များပြားခဲ့ပါသည်။ ရေတိုတွင်ကျိန်းသေပေါက်အောင်မြင်မည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းသည် လျှင်မြန်စွာဖွံ့ဖြိုးမှုများဆက်တိုက်ဖြစ်ပေါ်လာလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကိုရေရှည်တွင် ဆက်လက်ထိန်းသိမ်းမထားနိုင်ခြင်း၊ထို့အပြင် သဘာဝဝန်းကျင်၊ ယဉ်ကျေးမှုနှင့်လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာဆန့်ကျင်ဖက်သက်ရောက်မှုများဖြစ်ပေါ်ခြင်းစသည့် အန္တရာယ်များနှင့်ရင်ဆိုင်ရဘွယ်ရှိနေပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့အနေဖြင့် ခရီးသွားလုပ်ငန်းလျှင်မြန်စွာဖွံ့ဖြိုးမှု သည် ခရီးသွားကဏ္ဍမြင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလျှင်မြန်စွာ ဖြစ်ပေါ်စေရေးတို့ကိုအောင်မြင်အောင်စွမ်းဆောင်နိုင်ကြောင်းအသိအမှတ်ပြုလက်ခံထားကြသော်လည်း ရေရှည်တွင်မှအောင်မြင်သော စဉ်ဆက်မပြတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအားထိန်းသိမ်းသွားရာ၌ မအောင်မမြင်ဖြစ်တပ်ပါသည်။ ဤစိန်ခေါ်မှုအား တုန့်ပြန်ရန်အတွက် ပထမဦးဆုံးအနေဖြင့် "တာဝန်သိသော ခရီးသွားလုပ်ငန်းရက်သတ္တပတ်"ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အစိုးရကဏ္ဍကို ကိုယ်စားပြုသည့်ဝန်ကြီးဌာန၂၂ခုမှကိုယ်စားလှယ်များ၊ပုဂ္ဂလိကကဏ္ဍနှင့်နိုင်ငံတကာမှတာဝန်သိသောခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များသည် အလုပ်ရုံဆွေးနွေးပွဲများကိုတက်ရောက်ခဲ့ကြပြီးညီလာခံကိုအဆုံးသတ်ခဲ့ကြပါသည်။ တာဝန်သိသောခရီးသွားလုပ်ငန်းရက်သတ္တပတ်ကျင်းပခဲ့ခြင်း၏အကျိုးရလဒ်အနေဖြင့်အလုပ်ရုံဆွေးနွေးပွဲများနှင့်ညီလာခံတွင် ဆွေးနွေးခဲ့ကြသည့်အချက်အလက်များ၏အကျဉ်းချုပ်ကို"နေပြည်တော်တာဝန်သိသောခရီးသွားလုပ်ငန်းကြေညာစာတမ်း" အဖြစ်ထုတ်ပြန်နိုင်ခဲ့ပါသည်။

အဆိုပါကြေညာစာတမ်းတွင်မြန်မာနိုင်ငံ၏တာဝန်သိသောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဆက်လက်ဆောင်ရွက်ရမည့်အဆင့်များကိုလည်း ပြဌာန်းနိုင်ခဲ့ပါသည်။ ထို့အပြင်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့်ဆောင်ရွက်ရန်စီမံချက်များချမှတ်နိုင်ရေးအတွက်အမျိုးသားအဆင့်မူဝါဒဆိုင်ရာအခြေခံသဘောတရားများပါဝင်သည့်"မြန်မာနိုင်ငံတာဝန်သိသောခရီးသွားလုပ်ငန်းမူဝါဒ"တစ်ရပ်ကိုအမြန်ဆုံးသတ်မှတ်ပြဌာန်းရန်လိုအပ်ကြောင်းတက်ရောက်လာသူ အားလုံးကသဘောတူဆန္ဒပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံတာဝန်သိသောခရီးသွားလုပ်ငန်းမူဝါဒကို ၂၀၁၂ခုနှစ်၊ မေလ ၂၂ ရက်နေ့မှ ဇွန်လ ၅ရက်နေ့အထိကာလအတွင်းရေးဆွဲဖော်ထုတ်ခဲ့ပါသည်။ ဆိုပါလုပ်ငန်းစဉ်တွင် ရန်ကုန်၊ ပုဂံ၊ အင်းလေးကန်၊ ကျိုင်းတုံနှင့် ငွေဆောင်ဒေသတို့မှ အစိုးရဌာနတာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှလုပ်ငန်းရှင်၃၅၀ဦးနီးပါးတို့ ကကဏ္ဍအလိုက်လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပါဝင်ခဲ့ကြပါသည်။ မူဝါဒချမှတ်နိုင်ရေးအတွက်လိုအပ်သည်များကိုအကောင်အထည်ဖော်ရန် အလုပ်ရုံဆွေးနွေးပွဲများ၏အဆုံးသတ်အစီအစဉ်များကိုပုဂ္ဂလိကကဏ္ဍအနေဖြင့်ရန်ကုန်မြို့တွင်လည်းကောင်း၊အစိုးရကဏ္ဍအနေဖြင့်နေပြည်တော်တွင်လည်းကောင်းအသီးသီးကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထို့နောက်မြန်မာနိုင်ငံတာဝန်သိသောခရီးသွားလုပ်ငန်းမူဝါဒမူကြမ်းကို ၂၀၁၂ခုနှစ်ဇွန်လ ၅ရက်နေ့၊ နေပြည်တော်တွင်အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍသို့တင်သွင်းနိုင်ခဲ့ပြီးအရေးယူဆောင်ရွက်ရမည့်သက်ဆိုင်ရာအချက် များအလိုက်တာဝန်ရှိသူများကဆွေးနွေးကြ၍တက် ရောက်လာသူများက အတည်ပြုခဲ့ ကြပါသည်။










# တာဝန်သိခရီးသွားလုပ်ငန်း

တာဝန်သိသောခရီးသွားလုပ်ငန်းသည် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲခြင်းနည်းလမ်းတစ်ခုဖြစ်ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကျိုးကျေးဇူးများအမြင့်မားဆုံးရရှိရန် နှင့် ခရီးစဉ် ဒေသများသို့ သွားရောက်ရာတွင် ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန် ရည်ရွယ်ပါသည်။ တစ်နည်းဆိုရလျှင်တာဝန်သိသောခရီးသွားလုပ်ငန်းဆိုသည်မှာပြည်သူများနေထိုင်ရန်အတွက် ပိုမိုကောင်းမွန်သောနေရာများ အပြင်လည်ပတ်ရန်အတွက်ပိုမိုကောင်းမွန်သောနေရာဒေသများကို ဖန်တီးပေးသည့်ခရီးသွားလုပ်ငန်း ပင်ဖြစ်ပါသည်။ တာဝန်သိသော ခရီးသွားလုပ်ငန်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတတ်ရေး၏ အခြေခံကျသောအကျိုးရလဒ်သုံးခုဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်အားရေရှည်ထိန်း သိမ်းထားနိုင်မှုနှင့် လူမှုရေးရာတရားမျှတမှုတို့ကို အောင်မြင်စွာရရှိစေရန် ရည်ရွယ်ပါသည်။ ဤနည်းလမ်း၏ ထူးခြားသောဝိသေသမှာ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်လှုပ်ရှားသူများ၏ တာဝန်သိမှုပေါ်တွင် ဗဟိုပြုနေသည့်အပြင် ယေဘူယျအားဖြင့် စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းအဖြစ် အောင်မြင်စွာရရှိရေးအတွက် အရေးယူဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ ခရီးသွားကဏ္ဍ(အစိုးရအပိုင်း+ပုဂ္ဂလိကအပိုင်း) အတွင်းပြည်သူများက



တာဝန်ဝတ္တရားများကို တက်ကြွစွာ တာဝန်ယူဆောင်ရွက်ကြပြီး ခရီးသွားလုပ်ငန်းဖြစ်ထွန်းရာလူမှုအဖွဲ့အစည်းများအတွင်းတွင်လည်း ပြဿနာရပ်များအားခွဲခြားဖော်ထုတ်ခြင်း၊ ၎င်းတို့အားဦးစားပေးအစီအစဉ်သတ်မှတ်ခြင်း၊ စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက်တစ်ဦးတည်း(သို့) အခြားသူများနှင့် အတူအရေးယူခြင်းများကိုဆောင်ရွက်ကြရပါသည်။ တာဝန်သိသော ခရီးသွားလုပ်ငန်းသည်အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍအတွင်း/အကြားစီးပွားဖက်အဖြစ် လုပ်ငန်းရှင်မျိုးစုံပါဝင်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး စိန်ခေါ်မှုများကိုထိရောက်သောလှုပ်ရှားမှုများနှင့်ရင်ဆိုင်ရန်နှင့် ခရီးသွားလုပ်ငန်းမှရလဒ်များကိုအမြင့်မားဆုံး မြှင့်တင်ရန်ဖြစ်ပါသည်။ သင်သည် အစိုးရဌာနမှ ဖြစ်စေ၊ ပုဂ္ဂလိက ကဏ္ဍမှဖြစ်စေ၊ လူမှုအဖွဲ့အစည်းအတွင်းမှ ဖြစ်စေ(သို့) ဧည့်သည်ဖြစ်စေမည်သူမဆို ခရီးသွားလုပ်ငန်း၏ဝတ္တရားများကို တာဝန်ယူဆောင်ရွက်နိုင်ပါသည်။ သင်ဤသို့တာဝန်ယူခြင်းသည် တာဝန်ဝတ္တရားကိုအသိအမှတ်ပြုလက်ခံပြီး ကျန်သူများအား လွှဲမချခြင်း (တနည်း) အချောင်သမားမဟုတ်ခြင်းပင်ဖြစ် သည်။ တာဝန်ရှိမှု အစီအစဉ် မှာ ကျယ်ပြန့် ပြီးမျှော်လင့်ထားသည့် ကမ်းလှမ်းမှုများနှင့် နှစ်ဖက် သဘောတူ လေးစားလိုက်နာမှုများသည် ဘဏ္ဍာရေးဆိုင်ရာ အကာအကွယ်နှင့် အာမခံစာချုပ် ချုပ်ဆိုခြင်းများ အပါအဝင် ကျန်းမာရေးနှင့်လုံခြုံရေးအထိ ကျယ်ပြန့်ပြီးဧည့်သည်များ၏ မျှော်လင့်ချက်များ ပြီးပြည့်စုံစေရန်ဖြစ်ပါသည်။



# ကတိကဝတ်ထုတ်ပြန်ချက်




ဤမြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်၊ စီမံချက်ရေးဆွဲရန်၊ စီမံခန့်ခွဲရန်နှင့်မြှင့်တင်ကြော်ငြာရန်ဆုံးဖြတ်ပြီးဖြစ်ပါသည်။ အထူးသဖြင့်ရေရှည်တည်တံ့ခြင်း၊ အရည်အသွေးပြည့်မီခြင်း၊ ယှဉ်ပြိုင်အနိုင်ရရှိခြင်း၊ ယဉ်ကျေးမှုဆိုင်ရာတာဝန်များနှင့် လူမှုရေးရာမျှတမှုများကိုအသိအမှတ်ပြုခြင်း၊ သဘာဝဝန်းကျင်ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနှင့်စီးပွားရေး အလားအလာကောင်းခြင်းများအပေါ် အလေးထား ဆောင်ရွက်ပါမည်။

အလားအလာကောင်းပြီး ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအားမြန်မာနိုင်ငံတွင်ဖော်ဆောင်ရာ၌အစိုးရကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍတို့၏ပူးပေါင်းပါဝင်မှုလိုအပ်ပါသည်။ တပြိုင်တည်းမှာပင် ဒေသအတွင်းရှိ လူမှုအဖွဲ့အစည်းများနှင့်ပြည်သူလူထုအသင်းအဖွဲ့များ၏ပါဝင်မှုနှင့် ထောက်ကူအားပေးမှုများလည်းလိုအပ်ပါသည်။ ပုဂ္ဂလိကအပိုင်း၏အခန်းကဏ္ဍမှာ ခရီးသွားလုပ်ငန်း၏ဝန်ဆောင်မှုနှင့်အတွေ့အကြုံများဖွံ့ဖြိုးစေရေးနှင့်အရင်းအနှီးများတိုးတက်များပြားလာစေရေး တွန်းအား ပေးဆောင်ရွက်ရန်ဖြစ်ပါသည်။ အစိုးရ၏အခန်းကဏ္ဍအနေဖြင့်အခြေခံအဆောက်အအုံများတည်ဆောက်ရေးနှင့် တိုးတက်လာစေရေးဆောင်ရွက်ရန်နှင့်တပြိုင်တည်းမှာ ပင်ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ အခွင့်အလမ်းကောင်းများပေါ် ထွန်းစေပြီး အထောက်အကူပြုရန် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍကြီးအတွင်းစီမံ ကိန်းများရေးဆွဲချမှတ်ခြင်း၊ ဆုံးဖြတ်ချက်ချ မှတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်



Stakeholders formulating the Responsible Tourism Policy in Nay Pyi Taw.

လုပ်ငန်းစဉ်များနှင့်ပိုင်ဆိုင်မှုများတွင် ဒေသခံလူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် အစုရှယ်ယာပါဝင်သူများအားလုံးပါဝင်ဆောင်ရွက်နိုင်စေရန် အခွင့်အရေးပေးခြင်းဖြင့် အများစု ပေါင်းပါဝင်သည့်နည်းလမ်းကို လက်ခံလာနိုင်စေမည်ဖြစ်ပါသည်။

ဆိုလိုသည်မှာ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်များသည် မြန်မာနိုင်ငံခရီး သွားလုပ်ငန်းကဏ္ဍကြီးအတွင်းစည့်သည်အပိုင်းနှင့် ဝန်ဆောင်မှုပေးသူပိုင်းတို့၌ ပါဝင်နေကြသည့်မြန်မာပြည်သူများအားလုံးသို့ဖြစ်နိုင်သမျှ အကောင်းဆုံးနည်းလမ်းဖြင့် ရောက်ရှိသွားမည်ဖြစ်ပေသည်။ သေချာသည့်အချက်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည်နိုင်ငံ၏လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးမှုရေရှည် တည်တံ့ခိုင်မြဲစေရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒကို အသုံးချနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှုလျော့ကျစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ် ထွန်းစေခြင်း၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုမျှတစေခြင်းနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ် စေခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေပါသည်။ ထို့အပြင်မြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်း၏ ရည်မှန်းချက်များနှင့်ပါဝင်ပတ်သက်မှုများသည်ခရီးသွားလုပ်ငန်းရှင်များအားလုံးကို ပွင့်လင်းမြင်သာရှိစေပါသည်။

# ကျွန်ုပ်တို့၏အနာဂတ်မျှော်မှန်းချက်

The Myanmar Responsible Tourism Policy is led by the following vision:

မြန်မာနိုင်ငံတာဝန်သိသောခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့်အနာဂတ်အမြင်မှာအောက်ပါအတိုင်းဖြစ်ပါသည်ကျွန်ုပ်တို့သည်မြန်မာနိုင်ငံအားပိုမိုကောင်းမွန်သောနေထိုင်ရန်နေရာဖြစ်စေရန်အတွက်ခရီးသွားလုပ်ငန်းကိုအသုံးချရန်ရည်ရွယ်ထားပါသည်။ အထူးသဖြင့်ပြည်သူထုအတွက်ပိုမိုသောအလုပ်အကိုင်များနှင့်ထူးကဲသော စီးပွားရေးအခွင့်အလမ်းများ စီမံပံ့ပိုးပေးရန်၊ ကျွန်ုပ်တို့၏ သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ထိမ်းသိမ်းစောင့်ရှောက်ရေးအပေါ်ဖြည့်ဆည်းပေးရန်နှင့်ကျွန်ုပ်တို့၏ကြွယ်ဝသောယဉ်ကျေးမှုဆိုင်ရာအမျိုးအစားများအားမျှဝေခံစားစေရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေနှင့် ကျွန်ုပ်တို့၏အမွေအနှစ်များနှင့် လူနေမှုဘဝကိုအသိအမှတ်ပြုတန်ဘိုးထားမြတ်နိုးသူများနှင့် အလေးထား၍လာရောက်လည်ပတ်သူများကိုနွေးထွေးပျူငှာစွာကြိုဆိုပါ သည်။





# ကျွန်ုပ်တို့၏ရည်ရွယ်ချက်များ

မြန်မာနိုင်ငံတွင် တာဝန်သိသော ခရီးသွားလုပ်ငန်းအောင်မြင်စွာ ပေါ်ထွန်းစေရန်အတွက် ရည်ရွယ်ချက် (၉)ရပ်ဖြင့်အနာဂတ် အမြင်ကိုအထောက်အကူပြုသွားပါမည်။ မြန်မာနိုင်ငံတာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းမူဝါဒကို လမ်းညွှန်မည့်ရည်ရွယ်ချက် (၉)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

*(၁)ခရီးသွားလုပ်ငန်းသည်အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခုဖြစ်ရပါမည်။*

အကျိုးစီးပွားအမြင့်မားဆုံးရရှိစေရေးအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းနှင့် နိုင်ငံတကာခရီးသွား လုပ်ငန်း ပေါင်းစပ်၍ အမျိုးသားစီးပွားရေးမူဝါဒအတွင်းသို့ဝင်ရောက်ပြီး ခရီးသွားလုပ်ငန်းနှင့် အခြားစီးပွားရေးကဏ္ဍများ အကြားဆက်သွယ်မှုများအားဖွံ့ဖြိုးတိုးတက်စေရပါမည်။ ထပ်မံ၍အစိုးရကဏ္ဍ နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍ၊ ဒေသတွင်းလူမှုအဖွဲ့အစည်းများနှင့် ပြည်သူ လူထုအသင်းအဖွဲ့များအတွင်း အားကောင်းသောပူးပေါင်း ဆောင်ရွက်ခြင်း နည်းလမ်းများကို ဆောင်ရွက် ရပါမည်။

*(၂) ပြည်တွင်းလူမှုစီးပွားရေးဖွံ့ဖြိုးမှု အပေါ် ကျယ်ပြန့်စွာအခြေခံရပါမည်။*

အမျိုးသမီးနှင့်ကလေးများ ဘဝလုံခြုံရေးနှင့် ဆင်းရဲမွဲတေမှုပပျောက်စေရေးအတွက် လူမှုအဖွဲ့အစည်းအတွင်းအကျိုးအမြတ်ဖြစ်ထွန်းမှုများ ဖြန့်ကျက်တည်ရှိစေခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်သူလူထုအဖွဲ့အစည်းများ ဆက်စပ်မှုကို အားပေးခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

*(၃) ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားမှုများနှင့် စစ်မှန်မှုများကို ထိန်းသိမ်းရပါမည်။*

အမျိုးသားရေလက္ခဏာများကို ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှင်သန်နေသော ရိုးရာဓလေ့များထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အားပေးရပါမည်။

*(၄) သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိအောင် ထိမ်းသိမ်းစောင့်ရှောက်မှုနှင့်ပိုမိုကောင်းမွန် အောင်ပြုလုပ်ရပါမည်။*

ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ သဘာဝ အရင်းအမြစ်များအားထိန်းသိမ်းရေးနှင့် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးတို့ကိုတိုက်တွန်းအားပေးသော်လည်း သဘာဝရေမြေတောတောင်နှင့်သက်ရှိတရိစ္ဆာန်များအား တာဝန်ရှိရှိ ထုတ်ယူအသုံးချရေး လမ်းစဉ်များတွင် ဦးဆောင်မှုကဏ္ဍမှဆောင်ရွက်ရပါမည်။

*(၅) ဈေးနှုန်းသာမကထုတ်ကုန်ပစ္စည်းများကြွယ်ဝမှု၊ မျိုးကွဲများထုတ်လုပ်နိုင်မှုနှင့်အရည်အသွေးကောင်းမွန် ပြည့်စုံမှုတို့ကို ယှဉ်ပြိုင်ဆောင်ရွက်ရပါမည်။*

မြန်မာတို့၏ ဝိသေသလက္ခဏာပေါ်လွင်သည့် ရိုးရာအစဉ်အလာအတိုင်းထုတ်လုပ်သည့်၊ ခရီး သွား လုပ်ငန်း ထုတ်ကုန်များကို ထင်ဟပ်ဆောင်ရွက်ရပါမည်။ တာဝန်ယူမှုရှိသောရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့်အပြင် ဈေးကွက်လိုအပ်ချက်နှင့်ခရီးသွားဧည့်သည်များ၏ မျှော်လင့်ချက်များကိုပါတပြိုင်တည်း ထင်ဟပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

*(၆) ခရီးသွားဧည့်သည်များ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့်လုံခြုံရေးတို့ကိုစိတ်ချစေရပါမည်။*

ခရီးသွားလုပ်ငန်းကဏ္ဍတစ်ခုလုံးအတွင်းဧည့်သည်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်း ရေးနှင့် လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများသည်သတ်မှတ်အဆင့်အတန်းပြည့်မီစေရပါမည်။

*(၇) ခရီးသွားလုပ်ငန်းအပေါ် စီမံခန့်ခွဲနိုင်မှုအတွက် ခိုင်မာသောသတ်မှတ်ပြဋ္ဌာန်းမှုရှိရပါမည်။*

ခရီးစဉ်ဒေသများရှိ လုပ်ငန်းရှင်များနှင့် အမျိုးသားအဆင့်မှ ဒေသတွင်း အဆင့်အထိ ခရီးသွား လုပ်ငန်းဆိုင်ရာနားလည်မှုနှင့်ထိရောက်သောစီမံခန့်ခွဲမှုများဖြင့် ပြည့်ဝနေစေရပါမည်။

*(၈) ကောင်းမွန်စွာလေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်သောအလုပ်သမားအင်အားစုရှိရပါမည်။*

ပညာရှင်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ရေးနှင့်ပညာသင်ကြား ရေးတို့တွင် ပြည်စုံစေပြီး သင့်လျော်သည့် စွမ်းရည်ဖြည့်ဆည်းရေးအစီအစဉ်များကို ထူထောင်ရ မည်ဖြစ်ပါသည်။

*(၉) ကျင့်ဝတ်ကိုသွေဖြည်သောအလေ့အထများ လျော့ချရပါမည်။*

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွင်း ကျင့်ဝတ်ဆိုင်ရာ စံသတ်မှတ်ချက်များကို အသုံးချ၍ လူမှုရေး စီးပွားရေးနှင့်သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်ရှိမှုများကို လျော့ချသွား ရမည်ဖြစ်ပါသည်။

# အရေးယူဆောင်ရွက်ရမည့် အချက်များ

မြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒကိုအရေးယူဆောင်ရွက်ရမည့် အချက်များဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ အဆိုပါအချက်များအား သတင်းအချက်အလက်စုဆောင်းရေးလုပ်ငန်းအဖွဲ့မှအစိုးရ-ပုဂ္ဂလိကကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲအတွင်း စိစစ်ထုတ်နုတ်ထားခြင်းဖြစ်ပြီးမူဝါဒရေးဆွဲ၍ အဆုံးသတ်ညီလာခံကျင်းပစဉ်အတွင်းဦးစားပေးအစီအစဉ်များကိုသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ အဓိကကျသည့်တာဝန်မှာ အရေးယူဆောင်ရွက်ရမည့်အချက်များအား အကောင်အထည်ပေါ်ဆောင်ရွက်မှုအပေါ်ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့်တိုးတက်မှုအားစောင့်ကြည့်ရန်ဖြစ်သည်။ အခြားတာဝန်ရှိသူများအနေနှင့်လည်း အကြံပြုခြင်း၊ ညှိနှိုင်းပေးခြင်း(သို့) အထောက်အကူပြုခြင်းကဏ္ဍများမှ ပါဝင်တာဝန် ယူကြရမည်ဖြစ်ပါသည်။ အရေးယူဆောင်ရွက်ရမည့်အချက်များအား ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်းနှင့် ပတ်သက်၍ လုပ်ငန်းရှင်များပူးပေါင်းပါဝင်မှုများဖြင့် ချမှတ်ထားခြင်း ဖြစ်ပါသည်။ အရေးယူဆောင်ရွက်ရန် အချက်များအားလုံးကို ဦးစားပေးအစီအစဉ်ချမှတ်ထားလင့် ကစားငွေကြေးကျခံနိုင်မှု၊ လူသားအရင်းအမြစ် စွမ်းဆောင်နိုင်မှုနှင့် လုပ်ငန်းအားစဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မှုအခြေအနေ များအရ ဆောင်ရွက်ရန် အချက်များအား အရေးတကြီး/အကောင်အထည်ဖော်နိုင်စွမ်းပေါ်မူတည်၍အဆင့်မြင့်ဦးစားပေးအဆင့်၊ သာမန်အဆင့်၊ သာမန်အောက်အဆင့်စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပါသည်။








မြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒ၏ရည်ရွယ်ချက်(၉)ရပ်အတွက် အရေးယူဆောင် ရွက်ရန်အချက်စုစုပေါင်း (၃၈)ချက် ကိုခွဲဝေသတ်မှတ်ထားပါသည်။

၁။ ခရီးသွားလုပ်ငန်းသည် အမျိုးသားအဆင့်ဦးစားပေးကဏ္ဍတစ်ခုဖြစ်ရပါမည်

၂။ ပြည်တွင်းလူမှုစီးပွားရေးဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာအခြေခံရပါမည်။

၃။ ယဉ်ကျေးမှုဆိုင်ရာကွဲပြားမှုများနှင့်စစ်မှန်မှုများကို ထိန်းသိမ်းရပါမည်။

၄။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိအောင်ထိန်းသိမ်းစောင့်ရှောက်မှု နှင့်ပိုမိုကောင်းမွန်အောင်ပြုလုပ်ရပါမည်။

၅။ ဈေးနှုန်းသာမကထုတ်ကုန်ပစ္စည်းများကြွယ်ဝမှု၊ မျိုးကွဲများထုတ်လုပ်နိုင်မှုနှင့် အရည်အသွေးကောင်းမွန် ပြည့်စုံမှုတို့ကို ယှဉ်ပြိုင်ဆောင်ရွက်ရပါမည်။


၆။ခရီးသွားဧည့်သည်များ၏ကျန်းမာရေးဘေးအန္တရာယ်ကင်းရေးနှင့်လုံခြုံရေးတို့ကို စိတ်ချစေရပါမည်။

၇။ ခရီးသွားလုပ်ငန်းအပေါ် စီမံခန့်ခွဲနိုင်မှုအတွက်ခိုင်မာသောသတ်မှတ်ပြဋ္ဌာန်းမှုရှိရပါမည်။

၈။ ကောင်းမွန်စွာလေ့ကျင့်ပေးခြင်းနှင့်ကျွမ်းကျင်သောအလုပ်သမားအင်အားစုရှိရပါမည်။


၉။ ကျင့်ဝတ်ကိုသွေဖြည်သောအလေ့အထများလျှော့ချရပါမည်။

## ၁။ ခရီးသွားလုပ်ငန်းသည် အမျိုးသားအဆင့်ဦးစားပေးကဏ္ဍတစ်ခု ဖြစ်ရပါမည်



အကျိုးစီးပွားအမြင့်မားဆုံးရရှိစေရေးအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်း ပေါင်းစပ်၍ အမျိုးသားစီးပွားရေးမူဝါဒအတွင်းသို့ဝင်ရောက်ပြီးခရီးသွားလုပ်ငန်းနှင့်အခြားစီးပွားရေး ကဏ္ဍများအကြားဆက်သွယ်များအား ဖွံ့ဖြိုးတိုးတက်စေရပါမည်။
ထပ်မံ၍အစိုးရကဏ္ဍနှင့်ခရီးသွား လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍ၊ ဒေသတွင်းလူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုအဖွဲ့အစည်းများအတွင်း အားကောင်းသောပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများဆောင်ရွက်ရပါသည်။

| အရေးယူဆောင်ရွက်ရန်အချက်များ | ဦးစားပေးအဆင့် | တာဝန်သတ်မှတ်ချက် |
|---|---|---|
| ခရီးသွားလုပ်ငန်းစီမံကိန်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် (မြေအသုံးချခြင်းဇုန်သတ်မှတ်ခြင်း၊ အဆောက်အအုံများတည်ဆောက်မှုထိန်းချုပ်ခြင်း၊ အရင်းအမြစ်များ အသုံးချရန်အတွက် စီမံကိန်းများရေးဆွဲခြင်း) | ပထမ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အကြံပြုကဏ္ဍ-အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ညှိနှိုင်းပေါင်းစပ် ကဏ္ဍ-ယဉ်ကျေးမှုဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်းအား ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် |
| တာဝန်သိသောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များပါဝင်သော ခရီးသွားလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များချမှတ်ရန် | ပထမ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အကြံပြုကဏ္ဍ-မြန်မာနိုင်ငံရင်းနှီးမှုကော်မရှင် ညှိနှိုင်းပေါင်းစပ်ကဏ္ဍ-အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံခြားရင်းနှီးမြှုပ်နှံဘဏ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ |
| တည်ရှိနေသည့်ခရီးသွားလုပ်ငန်းဆိုင်ရာမြေအဆောက်အအုံစသည်တို့၏ပတ်ဝန်းကျင်နှင့်လူမှုအဆင့်အတန်းများတိုးတက်မှုလုံခြုံစိတ်ချရစေရေးအတွက်အခွန်အခသက်သာခွင့်ရရှိရန်နှင့်ဥပဒေပြဋ္ဌာန်းနိုင်ရန် | ဒုတိယ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အကြံပြုကဏ္ဍ-မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ညှိနှိုင်းပေါင်းစပ်ကဏ္ဍ-အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံနိုင်ငံ ခြားရင်းနှီးမြှုပ်နှံမှုဘဏ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တိုင်း ဒေသကြီး/ပြည်နယ်အစိုးရများ၊ လူဝင်မှုကြီး ကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ |
| တိကျခိုင်မာသော ခရီးသွားလုပ်ငန်းဆိုင်ရာကိန်းဂဏန်း၊ အချက်အလက်များကောက်ယူ စုဆောင်းရန်နှင့်အစဉ်အမြဲစောင့်ကြည့်အကဲဖြတ်ရန် | ပထမ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အချက်အလက်ပံ့ပိုးပေးသူများ-အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (လေဆိပ်များ)ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဟိုတယ်နှင့်အခြား အိပ်ခန်းငှားရမ်းသူများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ( မှတ်ပုံတင်ရေးသည်အရေးအတွက် ) ခရီးစဉ်ဒေသများနှင့်ဆွဲဆောင်မှုရှိရာဒေသများသို့ဝင်ကြေးများ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဘုရားဂေါပကအဖွဲ့များ |
| အဓိကခရီးစဉ်ဒေသအားလုံးတွင်ဒေသခံများအနေဖြင့် စီးပွားရေးအကျိုးကျေးဇူးရလာဒ်များအမြင့်မားဆုံးရရှိစေရေးနှင့် ပတ်ဝန်းထိန်းသိမ်းရေးအပိုင်းတွင်ဆန့်ကျင်ဘက်ရလာဒ်များ လျှော့ချနိုင်ရေးအတွက်လမ်းပန်းဆက်သွယ် ရေးဆိုင်ရာအခြေခံအဆောက်အအုံများအား စီမံကိန်းချမှတ်ဆောင်ရွက်ရန်။ | ဒုတိယ | အဓိက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အကြံပြုကဏ္ဍအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပုဂ္ဂလိကဘဏ်များ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ကိုင်သူများ၊ မြန်မာ့လေကြောင်းလိုင်းများ၊ လေကြောင်းညွှန်ကြားမှု ဦးစီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန |
| အဓိကခရီးစဉ်ဒေသအားလုံးတွင်အခန်းအမျိုးအစားအလိုက်အမှန်လိုအပ်ချက်များအပေါ်ပြည့်မီစေရေးအတွက် အခန်းသစ်များဖြင့် ဖြည့်ဆည်းပေးနိုင်ရေးစီမံကိန်းချမှတ်ဆောင်ရွက်ရန် | ပထမ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဌာနအကြံပြုကဏ္ဍ-ဟိုတယ်နှင့်အခြားအိပ်ခန်း ငှားရမ်းသူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ |



| အရေးယူဆောင်ရွက်ရန်အချက်များ | ဦးစားပေးအဆင့် | တာဝန်သတ်မှတ်ချက် |
|---|---|---|
| ဒေသအလိုက်ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်းကျောင်းများအား တည်ထောင်ရန် | ဒုတိယ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဌာနအကြံပြုကဏ္ဍ-ပညာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ဟိုတယ်နှင့်အခန်းငှားသူများ၊ |
| အဓိကခရီးစဉ်ဒေသအားလုံးတွင် ခရီးသွားဧည့်သည်များအားလမ်းညွှန်နိုင်ရန်နှင့် သတင်း/အချက်အလက်များပေးနိုင်ရန်အတွက် သတင်းအချက်အလက်ဗဟိုဌာနများကိုတည်ထောင်ထားရှိရန် | ပထမ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဌာနညှိနှိုင်းပေါင်းစပ်ကဏ္ဍ-ပုဂ္ဂလိကကဏ္ဍ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ လူထုအခြေပြုအဖွဲ့အစည်းများ |
| နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ငွေပေးချေစနစ်များကို သေချာစွာစီစဉ်ထားရှိရန် | ဒုတိယ | အဓိက- ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ဘဏ်များညှိနှိုင်းပေါင်းစပ်ကဏ္ဍ-ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| ခရီးသွားလုပ်ငန်းဆိုင်ရာစီးပွားရေးကဏ္ဍကြီးအတွင်းပြည်တွင်းခရီးသွားလုပ်ငန်းကဏ္ဍအားအရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ်ပေါင်းစပ်ပါဝင်စေရန် | ပထမ | အဓိက- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဌာနအကြံပြုကဏ္ဍ-သာသနာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ |

## ၂။ ပြည်တွင်းလူမှုစီးပွားရေးဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာအခြေခံရပါမည်။

အမျိုးသမီးနှင့်ကလေးများ၏ ဘဝလုံခြုံရေးနှင့်ဆင်းရဲမွဲတေမှုပပျောက်စေရေးအတွက် လူမှုအဖွဲ့အစည်းအတွင်းအကျိုးဖြစ်ထွန်းမှုများ ဖြန့်လျက်တည်ရှိစေခြင်း၊ ပြည်တွင်းလုပ်ငန်းများနှင့် ပြည်သူလူထုအဖွဲ့အစည်းများ ဆက်စပ်မှုကိုအားပေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါ သည်။



| အရေးယူဆောင်ရွက်ရန်အချက်များ | ဦးစားပေးအဆင့် | တာဝန်သတ်မှတ်ချက် |
|---|---|---|
| ခရီးသွားလုပ်ငန်းဖြစ်သည့် ဟိုတယ်၊ ဧည့်ရိပ်သာ၊စားသောက်ဆိုင်များတွင်လည်းကောင်း၊ ဧည့်လမ်းညွှန်များအဖြစ်လည်းကောင်း၊ဒေသခံပြည်သူလူထုများအတွက်အလုပ်အကိုင်အခွင့်အလမ်းအများဆုံးရရှိစေရေးဖော်ဆောင်ပေးရန်နှင့်ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးခြင်းပစ္စည်းများရောင်းချခြင်း၊ အခွင့်အလမ်းများကိုလည်းဖော်ဆောင်ပေးရန် | ဒုတိယ | အဓိက- မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ညှိနှိုင်းပေါင်းစပ်ကဏ္ဍ-ဟိုတယ်နှင့်အခြားအိပ်ခန်းငှားရမ်းသူများ၊ ခရီးစဉ်စီစဉ်သူများ ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ကိုင်သူများ၊ အငှားယဉ်များ၊ သမဝါယမဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန။ |
| ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်စီးပွားရေးလုပ်ငန်းအားလုံးတွင်ပေါင်းစည်းထားသည့်တာဝန်ဝတ္တရားများ(CSR)ထမ်းဆောင်ရေးလုပ်ငန်းစဉ်နည်းလမ်းကိုတည်ထောင်ရန် | ဒုတိယ | အဓိက- မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ညှိနှိုင်းပေါင်းစပ်ကဏ္ဍ-ခရီးသွားလုပ်ငန်းဆိုင်ရာစီးပွားရေးလုပ်ငန်းများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် |
| ဒေသထွက်ပစ္စည်းများအားဝယ်ယူစေရန်အဆင့်နိမ့် | တတိယ | အဓိက - လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အကြံပြုကဏ္ဍ-ဟိုတယ်နှင့်အခြားအိပ်ခန်းငှားရမ်းသူများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ |
| လက်မှုလုပ်ငန်းဖွံ့ဖြိုးရေးမှတဆင့်အမျိုးမျိုးသောဒေသထွက်စီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာစေရန်နှင့်ဒေသခံလက်မှုပညာသည်များနှင့်လက်မှုပစ္စည်းအရောင်းဆိုင်များဖွံ့ဖြိုးမှုကိုအားပေးရန်(အထူးသဖြင့်အမျိုးသမီးနှင့် လူငယ်များပါဝင်လုပ်ကိုင်နေသောလုပ်ငန်းများ) | ဒုတိယ | အဓိက- လူမှုဖူလုံရေးကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနညှိနှိုင်းပေါင်းစပ်ကဏ္ဍ- သမဝါယမဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီး ဌာန၊ ဟိုတယ်နှင့်အခြားအိပ်ခန်းငှားသူများ ၊ခရီးစဉ်စီစဉ်သူများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ |
| ဒေသခံအဆင့်၊ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်အစုအစုလုပ်ငန်းများထူထောင်ခြင်းဖြင့်ဒေသတွင်းရှိအသေးစားစီးပွားရေးလုပ်ငန်းများစုစည်းစေ၍ စွမ်းဆောင်ရည်မြှင့်တင်တည်ထောင်ပေးရန် | ဒုတိယ | အဓိက- သမဝါယမဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ကဏ္ဍ-မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်နှင့်အိပ်ခန်းငှားသူများ၊ ခရီးသွားစီစဉ်သူများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ |
| ကျေးလက်ဒေသများကို လူနေမှုအဖွဲ့အစည်းအတွင်းခရီးသွားဧည့်သည်များ၏ ညအိပ်ခရီးစဉ်အလည်အပတ်များအတွက်လမ်းညွှန်ချက်များချမှတ်ပေးရန် | ဒုတိယ | အဓိကဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ကဏ္ဍ- ပြည်ထဲရေးဝန်ကြီး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ |



## ၃။ ယဉ်ကျေးမှုဆိုင်ရာကွဲပြားမှုများနှင့်စစ်မှန်မှုများကို ထိန်းသိမ်းရပါမည်။

အမျိုးသားရေးလက္ခဏာများကိုထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များနှင့် ရှင်သန်နေသော ရိုးရာဓလေ့များထိန်းသိမ်း စောင့်ရှောက်ရေးတို့ကို အားပေးရပါမည်။

| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| အပြန်အလှန်သက်ရောက်မှုရှိသောခရီးစဉ် အတွေ့အကြုံများနှင့် ထုတ်ကုန်အသစ်များ (ပေါ့ပါးသောစွန့်စား မှုခရီးစဉ်များ) ဖွံ့ဖြိုးမှုကို အားပေးရန်(ဒေသခံပြည်သူများနှင့်ထိတွေ့ ဆက်သွယ်ခွင့်၊ အကျိုးရလဒ်များ ပြန့်နှံ့ရရှိခွင့်၊ သဘာဝ ပတ်ဝန်းကျင်အား အသိအမှတ်ပြု- တန်ဘိုး ထားခွင့်များ ရရှိစေပါသည်၊ | တတိယ | အဓိက-ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း ဝန်ကြီး ဌာန ၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ - သမဝါယမ ဝန်ကြီးဌာန၊အားကစား နှင့် ကာယပညာ ဦးစီးဌာန၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်း အဖွဲ့ချုပ်၊ ဟိုတယ်များနှင့် တည်းခိုမှုများ ၊ ပြည်တွင်း ပြည်ပခရီးသွား စီစဉ်သူများ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရများ |
| ဒေသခံလူမှုရေးအဖွဲ့ အစည်းများ အား အကျိုးဖြစ်ထွန်းစေသည့် လူမှု အဖွဲ့အစည်း အခြေခံ ခရီးသွားလုပ်ငန်း လုပ်ရှားမှု များအား ကူညီအားပေးရန် | ပထမ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၊ဟိုတယ်များနှင့် တည်းခိုမှုများ ၊ ပြည်တွင်းပြည်ပ ခရီးသွား စီစဉ်သူများ၊ သမဝါယမဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊တိုင်းဒေသကြီးပြည်နယ်အစိုးရများ၊ |



# (၄) သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မရှိအောင် ထိမ်းသိမ်း စောင့်ရှောက်မှုနှင့်ပိုမို ကောင်းမွန်အောင်ပြုလုပ်ရပါမည်။

ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကိုလိုက်နာခြင်း၊ သဘာဝ အရင်းအမြစ်များအားထိန်းသိမ်းရေးနှင့် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးတို့ကိုတိုက်တွန်းအားပေး သော်လည်း သဘာဝရေမြေတောတောင်နှင့်သက်ရှိ တရိစ္ဆာန်များအားတာဝန်ရှိရ

| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| ခရီးသွားလုပ်ငန်းကဏ္ဍအနေနှင့် စွမ်းအင်သုံးစွဲမှု တွင် ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်စေရန် | ပထမ | အဓိက မြို့တော်နှင့် မြို့နယ် စည်ပင်သာယာရေး ကော်မတီများ၊ ညှိနှိုင်းပေါင်းစပ်ကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီး ဌာန၊စွမ်းအင်ဝန်ကြီးဌာန၊မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်၊ မြန်မာနိုင်ငံဟိုတယ် ဆိုင်ရာ ဟိုတယ် လုပ်ငန်းရှင်များ အသင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ပို့ဆောင်ရေးကဏ္ဍလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်း များ၊ တိုင်းဒေသကြီး ပြည်နယ် အစိုးရများ ။ |
| ခရီးသွားလုပ်ငန်းကဏ္ဍအနေနှင့် စွမ်းအင်သုံးစွဲမှု တွင် ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်စေရန် | ဒုတိယ | အဓိက-မြို့တော်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ-ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊လျှပ်စစ်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ပြည်နယ် အစိုးရများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ဟိုတယ်များ၊ ခရီးသွား လုပ်ငန်း ဆောင်ရွက်သူများ၊မြန်မာနိုင်ငံ ဟိုတယ်နှင့် လုပ်ငန်းရှင်များ၊ဖွံ့ဖြိုးရေးအေဂျင်စီများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ |
| ရေဖြန့်ဖြူးရေး စနစ်အား စောင့်ကြည့်ရန်နှင့်ရေသုံးစွဲမှု လျှော့ချနိုင်ရေး အတွက် လိုအပ်သော နေရာတွင် လက်ဦးမှုရယူဆောင်ရွက်ရန်၊ | ဒုတိယ | အဓိက-ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ-လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ တိုးတက်ညွှန်ကြားမှု ဦးစီးဌာန၊သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊အမျိုးသားစီမံကိန်းနှင့် စီးပွား ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန။ |
| ကုန်းနေ ၊ ရေနေသတ္တဝါများအတွက် ကန့်သတ်ဇရိယာများ စီမံခန့်ခွဲသတ်မှတ်ခြင်းကို တိုးတက် စေရန်နှင့် ထောက်ခံ အားပေးရန်၊ | ဒုတိယ | အဓိက-ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ-ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ပြည်ထဲရေး ဝန်ကြီးဌာန၊ယဉ်ကျေးမှု ဝန်ကြီးဌာန၊ခရီးသွား စီစဉ်သူများ၊ဧည့်လမ်းညွှန် အသင်း၊တိုင်းဒေသကြီး ပြည်နယ်အစိုးရများ၊ ဒေသ အခြေပြု အဖွဲ့အစည်း များ၊ |
| ဒေသခံပြည်သူလူထုနှင့် ခရီးသွား ဧည့်သည်များအတွင်း သဘာဝအရင်းအမြစ် များ၏ အဖိုးတန်ပုံကိုသတိပြုမိစေရေး ဆောင်ရွက်ရန်၊ | ပထမ | အဓိက-ပတ်ဝန်းကျင်းထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ - ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ခရီး စီစဉ်သူများ၊ ဧည့်လမ်းညွှန် အသင်း၊ခရီးသွား လုပ်ငန်း အဖွဲ့ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ |
| ခရီးသွားဧည့် သည်များအနေနှင့် သဘာဝအမွေ အနှစ်များ၊ ကန့်သတ်ဇရိယာများအား အသိအမှတ်ပြု အလေးထား တက်စေရေးဒေသခံ ဧည့်လမ်းညွှန် များအားလေ့ကျင့် သင်ကြား ပေးရန်၊ | ပထမ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ -ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းစီစဉ်သူများ၊ ဧည့်လမ်းညွှန်အသင်း၊ ဒေသအခြေပြုအဖွဲ့ အစည်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၊ |

## (၅) ဈေးနှုန်းသာမကထုတ်ကုန်ပစ္စည်းများကွဲပြားမှု၊ မျိုးကွဲများထုတ်လုပ်နိုင်မှုနှင့်အရည်အသွေး ကောင်းမွန် ပြည့်စုံမှုတို့ကိုယှဉ်ပြိုင်ဆောင်ရွက်ရပါမည်။

မြန်မာတို့၏ ဝိသေသလက္ခဏာပေါ်လွင်သည့်၊ ရိုးရာ အစဉ်အလာအတိုင်းထုတ်လုပ်သည့်၊ ခရီးသွား လုပ်ငန်းထုတ်ကုန်များကို ထင်ဟပ်ဆောင်ရွက်ရပါမည်။ တာဝန်ယူမှုရှိသော ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် အပြင် ဈေးကွက်လိုအပ်ချက်နှင့်ခရီးသွား ဧည့်သည်များ၏ မျှော်လင့်ချက်များကို ပါတပြိုင်တည်း ထင်ဟပ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| ခရီးသွားဧည့်သည်များ မျှော်လင့်သည့် အရည်အသွေးနှင့် ဝန်ဆောင်မှု ပြည့်မီစေရေးအတွက်မြန်မာနိုင်ငံ အတွင်းရှိ ယဉ်ကျေးမှုနှင့်သဘာဝအမွေအနှစ်များအား မြှင့်တင်ကြော်ငြာရန်။ | ဒုတိယ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ - မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း အဖွဲ့ချုပ် ၊ ဟိုတယ် နှင့် အခြားအိပ်ခန်းဌား သူများ၊ ပြည်တွင်းနှင့် ပြည်ပခရီးသွားလုပ်ငန်းစီစဉ်သူများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ၊ |
| ခရီးသွား လုပ်ငန်းစီစဉ်သူများ၊ သယ်ယူပို့ဆောင် ရေးနှင့်တည်းခိုရန် အိပ်ခန်းစီစဉ် သူများ အတွက်လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ သတ်မှတ်ထုတ်ပြန်ရန်။ | ပထမ | အဓိက-ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနက ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ-ပို့ဆောင်ရေးဝန် ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန် ကြီးဌာန၊ ယဉ်ကျေးမှုဝန် ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း အဖွဲ့ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ ဟိုတယ်များနှင့် အခြား တည်းခိုရေး ဆောင်ရွက်သူများ၊ ပြည်တွင်းပြည်ပခရီးသွား လုပ်ငန်းစီစဉ်သူများ၊ |
| ကန်ထရိုက်စာချုပ်အား လေးစားလိုက်နာစေရန်လိုအပ်ချက်နှင့် အရည်အသွေးပေါ် အခြေခံသည့်ခရီးသွား လုပ်ငန်းဝန်ဆောင်မှုများအတွက် မှုဘောင် | ပထမ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ-မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း အဖွဲ့ချုပ် အိပ်ခန်း အမျိုးအစား အားလုံးအတွက် အိပ်ခန်း အဆင့်အတန်း သတ်မှတ်ချက်များကို နိုင်ငံတော်အဆင့်သတ်မှတ် ထုတ်ပြန် ပေးရန် (အာဆီယံနှင့်ဒေသတွင်း အဆင့်အတန်းသို့ တက်ကျွမ်းနိုင်ရန်) မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း ၊ ဟိုတယ်များနှင့် အခြား တည်းခိုမှုများ၊ခရီးသွား စီစဉ် သူများ၊ ပြည်ထောင်စုရှေ့နေရုံး ပြည်ထောင်စု တရားသူကြီးချုပ်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ |
| အိပ်ခန်းအမျိုးအစားအားလုံးအတွက် အိပ်ခန်းအဆင့်အတန်းသတ်မှတ်ချက်များကို နိုင်ငံတော် အဆင့်သတ်မှတ် ထုတ်ပြန်ပေးရန်(အာဆီယံနှင့်ဒေသတွင်း အဆင့်အတန်းသို့တက်ကျွမ်း နိုင်ရန်) | ပထမ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ- ပြည်ထဲရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုး ရများ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း အဖွဲ့ချုပ် ၊ ဟိုတယ်များနှင့် အခြား တည်းခို မှုများ၊ ပြည်တွင်း၊ ပြည်ပခရီးသွား စီစဉ်သူများ၊ ကုလသမဂ္ဂကမ္ဘာ့ ခရီးသွား လုပ်ငန်းအဖွဲ့၊ |
| အပြန်အလှန်သက်ရောက်မှုရှိသော ခရီးစဉ်အတွေ့ အကြုံများနှင့် ထုတ်ကုန်အသစ်များ(ပေါ့ပါးသော စွန့်စား မှုခရီးစဉ်များ)ဖွံ့ ဖြိုးမှုကို အားပေးရန် (ဒေသခံ ပြည်သူများနှင့် ထိတွေ့ဆက်သွယ်ခွင့်၊အကျိုး ရလဒ်များ ပြန့်နှံ့ရရှိခွင့်၊ သဘာဝပတ်ဝန်းကျင်အား အသိအမှတ်ပြု တန်ဖိုးထား ခွင့်များ ရရှိစေပါသည်၊ | တတိယ | အဓိက-ဟိုတယ်နှင့် ခရီး သွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်း ပေါင်းစပ်ရေး ကဏ္ဍ ၊<br>သမဝါယမ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယ ပညာဦးစီးဌာန၊<br>မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်များနှင့်တည်းခိုမှုများ ၊<br>ပြည်တွင်းပြည်ပ ခရီးသွားစီစဉ်သူများ၊<br>တိုင်းဒေသကြီး ပြည်နယ်အစိုးရများ |
| ဒေသခံ လူမှုရေး အဖွဲ့အစည်းများအား အကျိုးဖြစ်ထွန်း စေသည့် လူမှုအဖွဲ့အစည်း အခြေခံ ခရီးသွား လုပ်ငန်း လှုပ်ရှားမှု များအား ကူညီအားပေးရန် | ပထမ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ ဟိုတယ်များနှင့် တည်ခိုမှုများ၊ ပြည်တွင်း ပြည်ပ ခရီးသွား စီစဉ်သူများ၊ သမဝါယမဝန်ကြီး ဌာန၊ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရများ၊ |



## ၆။ ခရီးသွားဧည့်သည်များ၏ကျန်းမာရေး၊ဘေးအန္တရာယ်ကင်းရေးနှင့်လုံခြုံရေးတို့ကိုစိတ်ချစေရပါမည်။

ခရီးသွားလုပ်ငန်းကဏ္ဍတစ်ခုလုံးအတွင်းဧည့်သည်များ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်း ရေးနှင့် လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများသည် သတ်မှတ်အဆင့်အတန်းပြည့်မီစေရပါမည်။





| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| အဓိကခရီးစဉ်ဒေသအားလုံးတွင် အရေးပေါ် ကယ်ဆယ်ရေး အစီအစဉ်များ ထားရှိရန် | ဒုတိယ | အဓိက-ကျန်းမာရေးဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီး ဌာန၊ပို့ဆောင်ရေးဝန်ကြီးဌာန ဟိုတယ်များနှင့် အခြားတည်းခိုမှုများ၊ ခရီးသွားစီစဉ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ။ |
| ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးသူအားလုံးအတွက်ကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ညစ်ညမ်း ရေဆိုးစွန့်စနစ်ဆိုင်ရာစံ သတ်မှတ်ချက် အားလုံး တပြေးညီ ဖြစ်စေရန် | ဒုတိယ | အဓိက-ကျန်းမာရေးဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေး ၊ဟိုတယ်နှင့်တည်းခိုရေး ဆောင်ရွက်သူများ၊ ခရီးသွားစီစဉ်သူများ၊ ကဖေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဆေးရုံများ၊ ပုဂ္ဂလိကဆေးဆိုင်များ၊ ဆရာဝန်များ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ NGOSs ၊တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ။ |
| ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှဒေသခံ ရုံးများအနေနှင့် အာမခံ ၊ ရပိုင်ခွင့် လုပ်ထုံးလုပ်နည်း များနှင့် တရားဝင်နည်းလမ်း များအား ကောင်းစွာ နားလည် သဘောပေါက်စေရန် | ဒုတိယ | အဓိက-ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန (မြန်မာ့အာမခံလုပ်ငန်း)၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ၊ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ အာမခံလုပ်ငန်းများ၊ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရများ။ |
| ခရီးသွားဧည့်သည်များ ကျန်းမာရေး၊ အန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး အထောက်အကူ ရရှိစေ ရန်အတွက် လုံလောက်သည့် သတင်းအချက်အလက်မျာ းပေးအပ်ရန် (သင့်လျော်သည့်လုပ်ငန်းရှင်များ နှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ရန်) ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးသူအားလုံးသည်ကျန်းမာရေး၊ အန္တရယ်ကင်းရှင်းရေးနှင့်၊လုံခြုံရေး ပြဿနာများနှင့်ပတ်သက်သည့်လေ့ကျင့်သင်ကြားမှုများရှိရန်နှင့်ပုံမှန် စစ်ဆေးမှုများ ဆောင်ရွက်ရန်၊ | ပထမ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ၊ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန ဟိုတယ်နှင့် တည်းခိုရေး ဆောင်ရွက်သူများ၊ ခရီးသွားစီစဉ်သူများ၊ ဧည့်လမ်းညွှန်များ၊ တိုင်းဒေသကြီးပြည်နယ်အစိုးရများ။ အဓိက-ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန် ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ- ကျန်းမာရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းများ၊ခရီးသွားလုပ်ငန်းစီစဉ်သူများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ နှင့်အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ |
| အဓိကခရီးစဉ်ဒေသအားလုံးရှိ အချက်အချာကျသောနေရာများတွင် အဆင့်မီသန့်စင်ခန်း များထားရှိရေး တိုက်တွန်းအားပေးရန် | ပထမ | အဓိက-သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့၏ အကြံပြုချက်များ နှင့်အညီ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ဆောင်ရွက်ရန်။ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ- ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်း မာရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ |
| ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ဖြစ်ပေါ်တက်သည့်မှုခင်းများအား ကာကွယ်တားဆီးနိုင်ရေးအတွက်ရဲတပ်ဖွဲ့နှင့်ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးတွဲဆောင်ရွက်ရန် | တတိယ | အဓိက-ပြည်ထဲရေးဝန် ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ- ဒေသအခြေပြုအဖွဲ့ အစည်းများ၊ ဧည့်လမ်းညွှန်များ၊ ခရီးသွားလုပ်ငန်းစီစဉ်သူများ၊ ဟိုတယ်နှင့် တည်းခိုရေးလုပ်ငန်းများ၊ ပြည်တွင်း အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ |

# (၇) ခရီးသွားလုပ်ငန်းအပေါ်စီမံခန့်ခွဲနိုင်မှုအတွက်ခိုင်မာသောသတ်မှတ်ပြဌာန်းမှုရှိရပါမည်။

ခရီးစဉ်ဒေသများရှိ လုပ်ငန်းရှင်များနှင့် အမျိုးသားအဆင့်မှ ဒေသတွင်း အဆင့်အထိ ခရီးသွား လုပ်ငန်းဆိုင်ရာနားလည်မှုနှင့် ထိရောက်သော စီမံခန့်ခွဲမှုများဖြင့် ပြည့်ဝနေစေရပါမည်။

| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ရန် | ပထမ | အဓိကက- ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေး ကဏ္ဍ - ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဌာန၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန၊ |
| အဓိက ခရီးစဉ် ဒေသအားလုံးတွင် ခရီးသွား လုပ်ငန်းအား ဒေသအတွင်း၌ ဦးစားပေးသော ကဏ္ဍအဖြစ်ရှုမြင်စေရန် | ဒုတိယ | အဓိက - ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ-ပြည်ထဲရေး ဝန်ကြီးဌာန၊ (ခရိုင် အထွေထွေ အုပ်ချုပ် ရေးမှူး) တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီး ဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်သူ့ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် တည်းခိုရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း စီစဉ်သူများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ |
| ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့ အစည်းများအကြား အဖွဲ့ အစည်း ဆိုင်ရာ ဆက်သွယ် မှုများ ဖွံ့ဖြိုးစေပြီး ခရီးသွား လုပ်ငန်းသည် ဒေသ အစိုးရများ ၏အစိတ် အပိုင်း | ဒုတိယ | အဓိက - ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ - ပြည်ထဲရေး ဝန်ကြီးဌာန၊ (ခရိုင် အထွေထွေ အုပ်ချုပ် ရေးမှူး) တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းများ၊ ခရီးသွား လုပ်ငန်း စီစဉ်သူများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ |
| ဒေသဆိုင်ရာအာဏာပိုင်များအား ပြည်တွင်း အဆင့် ခရီးသွား လုပ်ငန်း အပေါ်စီမံ ခန့်ခွဲ ဆောင်ရွက်ရေး ကိုအာပေးရန် | တတိယ | အဓိက - ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီး ဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ - ပညာရေးဝန်ကြီး ဌာန၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ အစိုးရမဟုတ် သည့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ |
| ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုတွင် ပြည်တွင်းရှိလူမှုရေးခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုတွင် ပြည်တွင်းရှိ လူမှု အဖွဲ့အစည်းများ အနေဖြင့် အခန်း ကဏ္ဍတစ်ရပ် အဖြစ် ပါဝင် ရပ်တည်နိုင်ရန် | တတိယ | အဓိက - ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ-ပြည်ထဲရေး ဝန်ကြီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသ ကြီး/ပြည်နယ်အစိုးရများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်း ရှင်များ ၊ ခရီးသွားလုပ်ငန်းစီစဉ်သူများ၊ ဖွံ့ဖြိုး ရေးအေဂျင်စီများ၊ အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ၊ |
| ပြည်တွင်းလူမှုအဖွဲ့အစည်းများအား ခရီးသွားလုပ်ငန်းဆိုင်ရာ၊ ဗဟုသုတ အသိပညာပေးရန် | ပထမ | အဓိက-ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊ ညှိနှိုင်း ပေါင်းစပ်ရေး ကဏ္ဍ-ပညာရေး ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် တည်းခိုရေးလုပ်ငန်းရှင်များ၊ မြန်မာ့အသံ နှင့်ရုပ်မြင်သံကြား၊ ခရီးသွားလုပ်ငန်း စီစဉ်သူများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ |






# (၈) ကောင်းမွန်စွာလေ့ကျင့်ပေးခြင်းနှင့်ကျွမ်းကျင်သောအလုပ်သမားအင်အားစုရှိရပါမည်။

ပညာရှင်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ရေးနှင့်ပညာသင်ကြား ရေးတို့တွင် ပြည်စုံစေပြီး သင့်လျော်သည့် စွမ်းရည်ဖြည့်ဆည်းရေးအစီအစဉ်များကို ထူထောင်ရ မည်ဖြစ်ပါသည်။

| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ် ပြုမှု ဆိုင်ရာ သင်တန်းကျောင်း များအား ပိုမို ထူထောင်ရန် | ပထမ | အဓိက - ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ညှိ နှိုင်း ပေါင်းစပ်ရေးကဏ္ဍ-ပညာရေးဝန် ကြီးဌာန၊ ကျန်းမာရေးဝန် ကြီးဌာန၊ လူဝင်မှု ကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန (မြန်မာနိုင်ငံ ရဲတပ်ဖွဲ့)၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ ဟိုတယ်နှင့် တည်းခိုရေးလုပ်ငန်း ရှင်များ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ |
| ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း အား | ပထမ | အဓိက - ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊ ညှိ နှိုင်းပေါင်းစပ်ရေးကဏ္ဍ - ပညာရေးဝန်ကြီး ဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာန၊ဟိုတယ်နှင့်တည်းခိုရေး လုပ်ငန်းရှင်များ၊ခရီးသွားလုပ်ငန်း စီစဉ်သူ များ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ အစိုးရ မဟုတ် သည့်အဖွဲ့အစည်းများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များ၊ |
| ခရီးသည်ပို့ဆောင်ရေး၊ ဧည့်ဝတ်ပြုမှု ဆိုင်ရာ၊ခရီးစဉ်စီစဉ်သူ၊ ဧည့်လမ်းညွှန် စသည့်ခရီးသွားလုပ်ငန်းတွင် ပါဝင်သည့် အစိတ်အပိုင်း အားလုံးအတွက် သင်တန်းဆရာများအား ဦးစွာသင်ကြားပေးသည့် အစီအစဉ်စတင်ပြုလုပ်ရန် | ပထမ | အဓိက - ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ- ပညာရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် ၊ အကောင်အထည် ဖော်ရေး အထောက်အကူပြုမှု ဆက်သွယ်ရေးနှင့် အသိပညာပေး- မြန်မာ နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဟို တယ် နှင့် တည်းခိုရေး လုပ်ငန်းရှင်များ၊ ခရီးသွား လုပ်ငန်းစီစဉ်သူများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများ၊ |
| ချို့တဲ့သူများနှင့်မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်ဝင်၊ အသေးစိတ်နှင့် လက်တွေ့ကျသော သင်တန်းများအား ပို့ချပေးနိုင်ရေးဖန်တီးရန်။ | ဒုတိယ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်း ပေါင်းစပ်ရေး ကဏ္ဍ-ပညာရေးဝန်ကြီး ဌာန၊အလုပ်သမား ဝန်ကြီးဌာန၊ဟိုတယ် နှင့်တည်းခိုရေး လုပ်ငန်းရှင်များ၊ ခရီးသွားလုပ် ငန်းစီစဉ်သူများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ |
| အသက်မွေးဝမ်းကျောင်းပြု ဧည့်လမ်းညွှန်သင်တန်းအား အဆင့်အတန်း ပြည့်မီစေရန် | ဒုတိယ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ညှိနှိုင်း ပေါင်းစပ်ရေး ကဏ္ဍ-ပညာရေးဝန်ကြီး ဌာန၊အလုပ်သမား ဝန်ကြီးဌာန၊ ဟိုတယ် နှင့်တည်းခိုရေး လုပ်ငန်းရှင်များ၊ ခရီးသွား လုပ်ငန်း စီစဉ်သူများ၊ ဖွံ့ ဖြိုးရေး အေဂျင်စီများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ |
| ခရီးသွားနှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာ ကဏ္ဍအတွင်း | တတိယ | အဓိက-ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ညှိနှိုင်း ပေါင်းစပ်ရေးကဏ္ဍ - ပညာရေးဝန်ကြီးဌာန၊အလုပ်သမား ဝန်ကြီးဌာန၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းရှင်များ၊ ခရီးသွား လုပ်ငန်း စီစဉ်သူများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ အစိုးရမဟုတ် သည့်အဖွဲ့အစည်းများ၊ |

# (၉) ကျင့်ဝတ်ကိုသွေဖြည်သောအလေ့အထများလျော့ချရပါမည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွင်း ကျင့်ဝတ် ဆိုင်ရာ စံသတ်မှတ်ချက်များကို အသုံးချ၍ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်

| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| နိုင်ငံတကာ ခရီးသွား ဧည့်သည်များ အတွက်ကျင့်ဝတ် စည်းကမ်း လိုက်နာ ရန်နှင့် ရှောင်ကျဉ် ရန် အချက်များအား ထုတ်ပြန် ပေးရန်။ | ပထမ | အဓိက - ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန် ကြီးဌာန။ ညှိနှိုင်းပေါင်းစပ်ကဏ္ဍ-ပညာရေးဝန် ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီး ဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၊ ဖြန့်ဝေခြင်း၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းရှင်များ ၊ ခရီးသွား လုပ်ငန်း စီစဉ်သူများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ သံရုံးများ၊အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ။ |
| ဒေသအလိုက်ခရီးသွားဝန်ဆောင်မှု ပေးသူများနှင့် တာဝန်ရှိသူများ အနေနှင့် ကလေးသူငယ် များအား မှားယွင်းစွာအသုံးချမှု ကာကွယ်ရေးနှင့် စုံစမ်းဖော်ထုတ်နိုင်ရေး အတွက် တိုက်တွန်းအားပေးရန်။ | ပထမ | အဓိက-ပြည်ထဲရေးဝန် ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၊ ဆက်သွယ်ရေး နှင့် အသိပညာပေးရေး - ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေး ၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာနတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန်။ အကောင်အထည်ဖော်ပံ့ပိုးမှု-ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းရှင် များ၊ခရီးသွားလုပ်ငန်း စီစဉ်သူများ ဦးစီးဌာနများ ပါဝင်သည့် ကော်မတီ- ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီး ဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ပြည်ထဲရေး ဝန်ကြီးဌာန၊ သာသနာရေး ဝန်ကြီး ဌာန၊ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန် ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းရှင် များ၊ ဘဏ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ။ |
| လောင်းကစား အခြေပြုခရီးသွား လုပ်ငန်း နှင့်အရဲစွန့်မှုများအပေါ် သတိပြုရန်။ | တတိယ | အဓိက-ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဆက်သွယ်ရေးနှင့် အသိပညာ ပေးရေး-ဟိုတယ်နှင့် ခရီး သွားလာရေးလုပ်ငန်း ဝန်ကြီး ဌာနနှင့် လူမှုဖူလုံရေး ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီး ဌာနတို့ ပူးပေါင်း ဆောင်ရွက်ရန်၊ အကောင်အထည် ဖော်ရာတွင် ပံ့ပိုးမှု မြန်မာနိုင်ငံခရီးသွား လုပ်ငန်း အဖွဲ့ချုပ်၊ ဟိုတယ်နှင့် တည်းခိုလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်း စီစဉ်သူ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊အစိုးရ မဟုတ်သော နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့အစည်းများ ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန် ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ။ |
| ပြည်တွင်းအဆင့်အစုအဖွဲ့များဖွဲ့စည်း ထူထောင်၍ အမျိုးသားအမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လိင်မှုကိစ္စ အမြတ်ထုတ် မှုများအားသတိပြုတားဆီးရန်နှင့် အလွဲ သုံးစားမှုအား စုံစမ်းဖော်ထုတ်တားဆီးရန်။ | ဒုတိယ | အဓိက-ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၊ ဆက်သွယ်ရေးနှင့်အသိပညာပေးရေး ၊ - ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီး ဌာန၊ လူမှုဖူလုံရေး ကယ်ဆယ် ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီး ဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်၊အကောင်အထည်ဖော်ပံ့ပိုးမှု - ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်း ရှင်များ၊ခရီးသွားလုပ်ငန်း စီစဉ်သူများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊အစိုးရမဟုတ်သောနိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ တိုင်း ဒေသကြီး၊ ပြည်နယ်အစိုးရ။ |



## (၉) ကျင့်ဝတ်ကိုသွေဖြည်သောအလေ့အထများလျှော့ချရပါမည်။


ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွင်း ကျင့်ဝတ် ဆိုင်ရာ စံသတ်မှတ်ချက်များကို အသုံးချ၍ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်

| အရေးယူဆောင်ရွက်ရန်အချက်များ | | တာဝန်သတ်မှတ်ချက် |
|---|---|---|
| မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ် သော ဆေးဝါးများ အလွဲသုံးမှုကို သတိပြုရန်နှင့် တားဆီး ကာကွယ်ရေး လမ်းညွှန်များထုတ်ပြန်ရန်။ | တတိယ | အဓိက - ပြည်ထဲရေးဝန်ကြီးဌာန/မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဆက်သွယ်ရေးနှင့် အသိပညာပေးရေး-ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန် ကြီးဌာန နှင့် လူမှုဖူလုံရေး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်။ အကောင်အထည် ဖော်ပံ့ပိုးမှု - ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းစီစဉ်သူများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ အစိုးရ |
| ကလေးသူငယ်များ တောင်းရမ်း ခြင်းနှင့်ကျောင်း မနေခြင်း များအား ဟန့်ထား နိုင်ရေးအတွက် ပြည်တွင်း ခရီးစဉ် စီစဉ်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဒေသခံအာဏာပိုင်များ အတူတကွ ပူးပေါင်း ဆောင်ရွက်ရေးကို တွန်းအား ပေးရန် | တတိယ | အဓိက - လူမှုဖူလုံရေး ၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ- ပညာရေးဝန်ကြီး ဌာန၊သာသနာရေး ဝန်ကြီးဌာန၊ ဘုရား ဂေါပကလူကြီးများ၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းစီစဉ်သူ များ၊ ဧည့်လမ်းညွှန်များ၊ ဖွံ့ဖြိုးရေးအေဂျင်စီ များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ။ |
| ကလေးအလုပ်သမားများနှင့် လူ့အခွင့်အရေးချိုးဖောက်သူများအား သတိပြုတားဆီး ကာကွယ်ရန် | တတိယ | အဓိက - ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ရေးကဏ္ဍ- လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထား ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းရှင်များ၊ ခရီးသွား လုပ်ငန်းစီစဉ် သူများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ အစိုးရမဟုတ်သော နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန် ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ။ |




Kyaing Tong
Bagan
Inle Lake
Nay Pyi Taw
Ngwe Saung
Yangon

# လုပ်ငန်းရှင်များပါဝင်ပတ်သက်မှု



မြန်မာနိုင်ငံတွင် တာဝန်သိသော ခရီးသွား လုပ်ငန်းပေါ်ထွန်းရေးသို့ ဦးတည်လျှောက်လှမ်း ရာ၌ အောင်မြင်ခြင်း(သို့) ကျရှုံးခြင်းသည် လုပ်ကိုင်နိုင်မှု စွမ်းရည် အပြင် ပညာရှင်များ စုပေါင်းပါဝင် လုပ်နိုင်စွမ်း၊ အရင်းအနှီး ထည့်ဝင်သည့် လုပ်ငန်းရှင်တို့၏ ရှုထောင့်နှင့် အကျိုးရလဒ် အခြေပြုအကောင် အထည်ဖော်နိုင်စွမ်း တို့အပေါ် တည်မှီနေပါသည်။ မြန်မာနိုင်ငံခရီးစဉ် ဒေသများရှိခရီးသွား ဆိုင်ရာ လုပ်ငန်းရှင်များ အားလုံး ၏ ကူညီပံ့ပိုးမှု၊ ကတိ ကဝတ် ပြုမှုပူးပေါင်းဆောင်ရွက် မှုများသည် နိုင်ငံအတွင်း ခရီးသွား လုပ်ငန်း ရေရှည်တည်တံ့ ရှင်သန်ရေး အတွက် မရှိမဖြစ် လိုအပ်ပါသည်။ ခရီးစဉ် ဒေသတစ်ခုတွင် မည်သူတို့သည် လုပ်ငန်းရှင် ဖြစ်သည် ဟူသည့် နားလည် သဘောပေါက်မှု၊ ခွဲခြား သတ်မှတ်မှုနှင့် ၎င်းတို့ စိတ်ပါဝင်စားသည့် အကြောင်း အရာ များသည် လျော်ကန်သည့် ဆက်စပ် လုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းစေမှုတွင် အရေးပါပေသည်။လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် တာဝန်သိသော ခရီးသွားလုပ်ငန်းအောင်မြင်စွာ ဖွံ့ဖြိုးလာစေရေးအတွက် ကဏ္ဍများ ဆက်စပ်၍ပူးတွဲ အဖြေရှာခြင်း၊ မတူကွဲပြား သော လူမျိုးစုများ၏ ယဉ်ကျေးမှု-လေ့ထုံးစံများ ကိုဖော်ထုတ်ခြင်း တို့ကို မလွဲတသွေပြုကြရမည်ဖြစ်ပါသည်။ ဤနေရာတွင် တာဝန်သိသော ခရီးသွားလုပ်ငန်းဖော်ဆောင်ရာ၌ အနေအထား အမျိုးမျိုးတွင်အားကောင်းသော အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ် ကြောင်း နိုင်ငံတော် အစိုးရက အားကောင်းသော အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများ လိုအပ် ကြောင်း နိုင်ငံတော်အစိုးရက အသိအမှတ်ပြုလက်ခံမှုနှင့် ကတိကဝတ်ပြုမှုများသည် အခရာကျပေသည်။ ထို့အပြင် ဒေသခံ လူမှုအဖွဲ့အစည်းများ၊ အထူးသဖြင့် အမျိုးသမီးများ ပြည်သူလူထုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင် ထိမ်းသိန်းစောင့်ရှောက်ရေး အဖွဲ့အစည်းများ၏ အားပေးမှုနှင့်ဆက်စပ်ပတ်သက်မှု များလည်း ပါဝင်ပါသည်။

## နိုင်ငံတော်အစိုးရအခန်းကဏ္ဍ

နိုင်ငံတော် အဆင့်အစိုးရ ကဏ္ဍအနေနှင့် မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွားလုပ်ငန်း မူဝါဒ ပေါ်ထွန်း စေရေးလုပ်ငန်းစဉ် များတွင် နေရာ၊ ထိရောက်မှု၊ ပါဝင်ဆောင်ရွက် မှုများအတွက် သေချာမှုရှိ စေရမည်ဖြစ်ပါသည်။ တာဝန်သိသော ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ရေရှည် တည်တံ့သော စီးပွား ရေး၊ ပတ်ဝန်းကျင် ထိမ်းသိမ်းရေးနှင့် လူမှုရေးဖွံ့ဖြိုးရေး များတွင် စွဲမြဲစွာ ပါဝင်နေရမည့် ရင်းနှီးမြှုပ်နှံမှု၊ အခွန်အခများ၊ ပညာရေး၊ ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရေး၊ ဈေးကွက် ရှာဖွေရေး၊ လူသားအရင်း အမြစ်နှင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို သင့်လျော်သည့်မူဘောင်များ ချမှတ်ဆောင်ရွက်ရေးအတွက် ပြင်ဆင်သွားရန် လည်းပါဝင်ပါသည်။ နိုင်ငံတော်အဆင့်အစိုးရကဏ္ဍအနေနှင့် ဤလုပ်ငန်းစဉ်များ အတွက် သတ်မှတ် ပြဋ္ဌာန်း ချက်များထုတ်ပြန်ပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရေး အတွက်တာဝန်ရှိပါသည်။



ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၏ အခန်းကဏ္ဍတိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် အထူးအုပ်ချုပ်ခွင့်ရဒေသ အစိုးရများပါဝင်သည့် ဒေသဆိုင်ရာ အစိုးရများအနေနှင့် အရေးယူဆောင်ရွက်ရန် အချက်များအား မိမိတို့၏ဒေသအတွင်း စတင်သက်ဝင် လှုပ်ရှား စေရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာ အစိုးရများသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြေအသုံးချမှုစီမံကိန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး အစပျိုး အစီအစဉ်များကို ဦးဆောင်မှု ကဏ္ဍမှ တာဝန်ယူ ကြရပေမည်။ ဤသို့တာဝန်ယူ ရာတွင် အမျိုးသားအဆင့် မူဘောင်သတ်မှတ်ချက်နှင့်အညီ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် လိုင်စင်ရ စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးလည်းအပါအဝင်ဖြစ်ပါသည်။ ဒေသဆိုင်ရာ အစိုးရဖွဲ့များ၏ သော့ချက်ကဏ္ဍအနေနှင့် မိမိဒေသအတွင်း အဆင့်တွင် အမျိုးသား အဆင့်မူဝါဒ၊ ရည်ရွယ်ချက်များနှင့် အရေးယူ ဆောင်ရွက်ရန် အချက်များအား လိုက်လျော ညီထွေဖြစ်အောင် ညှိနှိုင်း ပြင်ဆင်ရန် ဖြစ်ပြီး ဒေသတွင်းရှိ ခရီးသွားလုပ်ငန်းရှင်များ ချောမွေ့စွာ လှုပ်ရှားလုပ်ကိုင်နိုင်ရေး တာဝန်ယူဆောင်ရွက် ကြရန်ဖြစ်ပါသည်။

## ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အခန်းကဏ္ဍ

ပုဂ္ဂလက လုပ်ငန်းရှင်များ အပိုင်းအနေနှင့် မြန်မာနိုင်ငံတွင် တာဝန် သိသော ခရီး းသွားလုပ်ငန် း အားမြင့်တင်ကြော်ငြာရေးနှင့် ဖွံ့ဖြိုး တိုးတက်စေရေး အတွက် ထိန်းကြောင်းမောင်းနှင်ကြရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသည် အမြတ် အစွန်း အမြင့်မားဆုံးရရှိစေရေးဆိုသည့် မောင်းနှင်အားနှင့်အတူ အဓိက ရင်းနှီးမြှုပ်နှံမှုအပိုင်း၌ စွန့်စားမှုများလည်း ယှဉ်တွဲပါဝင် လျက်ရှိပါ သည်။ ရေရှည်တွင် ခရီ းသွားလုပ်ငန းစီ းပွားရေးဖွံ့ ဖြိ းတိုးတက်မှုသည် စဉ်ဆက်မပြတ် တည်တံ့စေရေးဆိုသည့် အချက်မှာ ပုဂ္ဂလိက အခန်းကဏ္ဍ မှ စိတ်ဝင်စားသော အချက်ဖြစ်ပါသည်။ အရည်အသွေး ပြည့်မီသည့် ခရီးသွား လုပ်ငန်း ဝန်ဆောင်မှုများနှင့် အတွေ့အကြုံများ ပေးအပ်ရေး၊ ဧည့်သည်၏ စိတ်ကျေနပ်မှုရရှိစေရေး နှင့် ကုန်ကျသည့် ငွေကြေးနှင့် ထိုက်တန်သည့် တန်ဘိုးကို တုန့်ပြန် ပေးအပ်ရေး စသည်တို့မှာ ပုဂ္ဂလိက အခန်းကဏ္ဍ၏ ကျယ်ပြန့်သောတာဝန် ဝတ္တရားများပင် ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုရေရှည် တည်တံ့စေရေးအတွက် မောင်းနှင်အား တစ်ခုအဖြစ်လည်းကောင်း၊ စက်မှုလုပ်ငန်းတစ်ခုကဲ့သို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် စေရေးအတွက် လည်းကောင်း ဆောင်ရွက်ရန်မှာ ပုဂ္ဂလိက လုပ်ငန်းရှင်များ အပိုင်းမှ တာဝန်ရှိပါသည်။ ပုဂ္ဂလိကပိုင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှု အပိုင်းတွင် ဒေသခံလူမှု အဖွဲ့အစည်းများ အနေနှင့် ၎င်းတို့၏ စီးပွားရေးပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုရေးရေရှည် တည်တံ့မှု အခြေအနေများ အရ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။







## လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍ

လူမှုအဖွဲ့အစည်းများအနေနှင့် မြန်မာနိုင်ငံ၏တာဝန်သိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွင် အရေးပါသော ထိန်းသိမ်းရေးနှင့်ယဉ်ကျေးမှု-လေ့ထုံးစံများအပေါ် ဆန့်ကျင်ဘက်ဖြစ်နိုင်ချေအလားအလာများ သာမက အပြုသဘောဆောင်သည့် အကျိုးရလဒ်များကိုပါ သတိပြုသင့် ကြပေသည်။ ၎င်းတို့အနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့်ရင်းနှီးမြှုပ်နှံမှုများတွင် ဖြစ်နိုင်သမျှအကောင်းဆုံးပူးပေါင်း ပါဝင်ခွင့်ရရှိရေးကို ရှာဖွေရန်နှင့် တောင်းဆိုမှုများကိုပြုသင့်ပေသည်။

## အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အများပြည်သူအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အများပြည်သူအဖွဲ့အစည်းများ အထူးသဖြင့် ဒေသတွင်း နှင့် လူမှုအဖွဲ့အစည်းအခြေခံ အသင်းအဖွဲ့များအနေနှင့် တာဝန်သိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးအတွက် တိုက်တွန်းအားပေးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လိုကြပါသည်။ ၎င်းအဖွဲ့စည်းများသည် အစိုးရနှင့် ပုဂ္ဂလိက အခန်းကဏ္ဍမှ တာဝန်သိသော ခရီးသွားလုပ်ငန်းဆိုင်ရာစံများ အတွက် ပြင်ဆင်ခြင်း၊ သတ်မှတ်ခြင်းများတွင်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများအတွင်း ခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင် ထိမ်းသိမ်းရေးအသိပေးအစီအစဉ်များမှသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်များ အထိလွှမ်းခြုံပါဝင်သည့် ဆောင်ရွက်ချက်များတွင် လည်းကောင်းလိုအပ်သည်များကို ထောက်ပံ့ကူညီပံ့ပိုးပေးနိုင်ကြပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အများပြည်သူအဖွဲ့အစည်း များ၏ အခန်း ကဏ္ဍသည်လူမှုအဖွဲ့အစည်းများအကြား အချိန်အဆက်မိအောင်ပြုလုပ်ပေးရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကူညီပံ့ပိုးပေးသွားရန် ဖြစ်ပါသည်။ ထို့အပြင် ၎င်းအဖွဲ့အစည်းများသည် အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍအကြားအဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးသူများအဖြစ်လည်းကောင်း၊ ခရီးသွားကဏ္ဍတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ပတ်သက်မှုရှိစေရန် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းအဖြစ်လည်းကောင်း၊ တာဝန်သိသောခရီးသွားလုပ်ငန်းအတွက် အာမခံချက်များ၊ ကတိ ကဝတ်ပြုမှုများအပေါ် စောင့်ကြည့်အကဲဖြတ်ပေးသည့် တာဝန်ရှိအဖွဲ့အစည်းအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ကြပါသည်။



## ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဌာန၊ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းစောင့် ရှောက်ရေးတာဝန်ရှိ အဖွဲ့အစည်းများ၏အရေးပါသော အခန်းကဏ္ဍမှာ ခရီးသွားလုပ်ငန်းဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့်ပြည်နယ်အတွင်းရှိ ထိန်းသိမ်းထားသော မြေများကို စီမံခန့်ခွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ထို့အပြင်၎င်းတို့အနေနှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် လူ့အဖွဲ့အစည်းအားအထောက်အကူပြုပေးသွားရန် တာဝန်ရှိပါသည်။ တာဝန်သိသော ခရီးသွားလုပ်ငန်း၏ ဆောင်ရွက်ချက်များသည် သဘာဝ နှင့်ယဉ်ကျေးမှု အရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲရာတွင် အသုံးဝင်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လက်နက်သဖွယ်ဖြစ်သင့်ပါသည်။

## အမျိုးသမီးများ၏ အခန်းကဏ္ဍ

အမျိုးသမီးများ၊ အထူးသဖြင့် ကျေးလက်နေလူမှုအဖွဲ့အစည်းမှ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် မိသားစုနှင့် လူမှုအဖွဲ့ အစည်းများ၏ လူမှုစီးပွားရေး အခွင့်အလမ်းများ ဖန်တီးရာတွင် လည်းကောင်း၊ စီမံခန့်ခွဲရာတွင်လည်းကောင်းအရေးပါပေသည်။ အမျိုးသမီးများအတွက် အလုပ်အကိုင်များ မြှင့်တင်ပေးခြင်း သည် ခရီးသွားလုပ်ငန်းမှ ပေါ်ထွက်လာသည့် အခြေခံ ကျသောဖွံ့ဖြိုးမှု ရလဒ်ပင်ဖြစ်သည်။ တစ်ခါတစ်ရံ တွင် အမျိုးသားလုပ်သားများအစား လုပ်အားခသက်သာသော အမျိုးသမီးလုပ်သားများကိုမြင်တွေ့ ရပါသည်။ ၎င်းတို့အတွက် ရာထူးသက်တမ်းလုံခြုံမှု၊ မီးဖွားခွင့်နှင့် သက်မွေးမှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုအစီအမံ များမရှိပါ။ လက်မှုပညာသည်များနှင့် လက်မပညာ သင်တန်းများ(သို့) အခြားခရီးသွားလုပ်ငန်း ဗဟိုပြုသင်တန်း များ ဖန်တီး ပေးခြင်းဖြင့် အမျိုးသမီးများ၏ ကျွမ်းကျင်မှုကို တိုးပွားစေခြင်းသည် မိသားစုများ၏ လူမှုစီးပွားရေးအခြေအနေကို အတော်အတန် မြှင့်တင်နိုင်သည့်အပြင် မိသားစုနှင့် လူမှုအဖွဲ့အစည်း၏ ဘဝကိုလည်း တိုးတက်မြင့်မားစေပါသည်။ တာဝန်သိသော ခရီးသွား လုပ်ငန်းသည် အလုပ်လုပ်သော အမျိုးသမီးများ၏ ရပိုင်ခွင့်ကို ညီမျှစွာခံစားရရှိရေးသေချာစေပါသည်။


# စောင့်ကြည့်ခြင်း၊ အစီရင်ခံခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း


မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒကို စောင့်ကြည့်ရန် တာဝန်မှာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ တာဝန်ဖြစ်သည်။ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသည် မူဝါဒ အထောက်အထားများအပေါ် ထင်မြင် သုံးသပ်ချက်နှင့် အကြံပြုချက်များ အားညှိနှိုင်းပေးခြင်း၊ မူဝါဒအားအကောင်အထည်ဖော်ရာတွင် ထွက်ပေါ်လာမည့် စိန်ခေါ်မှုများနှင့် တိုးတက်မှု အခြေအနေများကို အစီရင်ခံစာထုတ်ပြန်ပေးခြင်း၊ များကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ အစီရင်ခံစာကို ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းရှင်များ ထံသို့ပြန်ဝေပေးရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒသည် "ရှင်သန်နေသောမှတ်တမ်း အထောက်အထား"တစ်ခု ဖြစ်ပြီး အနာဂတ် အမြင်၊ ရည်ရွယ်ချက်များနှင့် အရေးယူဆောင်ရွက်ရန် အချက်များသည် "ကျောက်ထက်အက္ခရာတင်ထားခြင်း" မဟုတ်ပါ။ ၎င်းသည် မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းတိုးတက်မှု ဖြစ် စဉ်တွင် အစဉ်လိုက်လျော်ညီထွေဖြစ်နေမည်ဖြစ်ပါသည်။ မှတ်တမ်း အထောက်အထား များအား ပြန်လည် ဆန်းစစ်သုံးသပ်ခြင်းအား အစဉ်အမြဲပြုလုပ်သင့်ပြီး ခရီးသွားလုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ အပြန်အလှန်ဖလှယ်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါသည်။ အရေးယူဆောင်ရွက်ရန် အချက် များနှင့် ဦးစားပေး အစီအစဉ်များကို တစ်နှစ်လျှင် နှစ်ကြိမ် ခရီးသွားလုပ်ငန်း ရှင်များ၏ဆွေးနွေးပွဲ၌ပြန်လည် ဆွေးနွေး သုံးသပ်သွားရန် ဖြစ်ပါသည်။




# မြန်မာနိုင်ငံ
# တာဝန်သိသော
# ခရီးသွားလုပ်ငန်း
# မူဝါဒ


























ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
မြန်မာနိုင်ငံတော်

Tel: +95-67-406454, 406130, 406462, 406060
Fax: +95-67-406061, 406057, 406062
E-mail: mo.moht@mptmail.net.mm , Website: www.myanmartourism.org